# လမ်းညွှန်ချက်များ

## မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံတကာ တရားမျှတမှုနှင့် တာဝန်ယူတာဝန်ခံမှုဆိုင်ရာ ယန္တရားများ အကြောင်း

**ယေဘုယျသတင်းအချက်အလက်**

သင်တန်းကို မြန်မာဘာသာနှင့် အင်္ဂလိပ်ဘာသာတို့ဖြင့် https://elearning.asia-ajar.org တွင် ဝင်ရောက်လေ့လာနိုင်ပါသည်။

မည်သူမဆို အခမဲ့ တက်ရောက်နိုင်ပါသည်။ သင်တန်းအပ်ရန် သို့မဟုတ် စာရင်းသွင်းရန် မလိုအပ်ပါ။ လုံခြုံရေးအရ သင့်အမည် သို့မဟုတ် အီးမေးလ်လိပ်စာကို ရေးသားရန် မလိုအပ်ပါ။

ဤသင်တန်းကို သင်၏ ကွန်ယက်အတွင်းရှိ မိတ်ဆွေများအား ဝေမျှနိုင်ပါသည်။ မည်သူမဆို သင်တန်းကို အချိန်မရွေး၊ အရေအတွက်အကန့်အသတ်မရှိ တက်ရောက်နိုင်ပါသည်။ သင်တန်းကိုသင်ကိုယ်တိုင် ဖြစ်စေ၊ တစ်ဦးချင်း သို့မဟုတ် အဖွဲ့လိုက် (ဥပမာ။ သင့်အဖွဲ့အစည်း/အဖွဲ့တခုခုနှင့်) တွဲဖက် တက်ရောက်နိုင်ပါသည်။

- အခန်း ၁ - မိတ်ဆက် (အသွင်ကူးပြောင်းရေးဆိုင်ရာ တရာမျှတမှု၊ တရားစွဲဆိုခြင်းများ)
- အခန်း ၂ - မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော နိုင်ငံတကာအချက်အလက်ရှာဖွေရေးမစ်ရှင် **(FFM)**
- အခန်း ၃ - မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော နိုင်ငံတကာစုံစမ်းစစ်ဆေးရေး ယန္တရား (**IIMM)**
- အခန်း ၄-နိုင်ငံတကာ ရာဇဝတ်တရားရုံး **(ICC)** အပိုင်း (၁) တရားစီရင်ပိုင်ခွင့်အတွက် ရွေးချယ်စရာနည်းလမ်းများ
- အခန်း ၅ - နိုင်ငံတကာ ရာဇဝတ်တရားရုံး **(ICC)** အပိုင်း (၂) မျက်မှောက်ကာလ စုံစမ်းစစ်ဆေးမှုများ။
- အခန်း ၆ - နိုင်ငံတကာတရားရုံး **(ICJ)**
- အခန်း ၇ - အပြည်ပြည်ဆိုင်ရာ တရားစီရင်ခွင့် နှင့် အာဂျင်တီးနားတွင် ဖွင့်ထားသည့်အမှု
- အခန်း ၈ - နိဂုံးချုပ် (အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှု၊ အရပ်ဘက် အဖွဲ့အများ၏ နည်းလမ်းများ)

**သင်ခန်းစာတစ်ခုစီတွင် သင်တန်းသားများ၏ ကိုယ်တိုင်သင်ယူမှုကို လွယ်ကူချောမွေ့စေရန်အတွက် သင်တန်းဗီဒီယို တစ်ခု၊ စာဖြင့်ရေးထားသော လက်ကမ်းစာစောင်နှင့် ဖြေဆိုရန်ထည့်သွင်းထားသောမေးခွန်းများ ပါဝင်ပါသည်။**

**သင်ခန်းစာ (၁)** ဖြင့် စတင်ရန် အကြံပြုလိုပါသည် - ဗီဒီယိုကို ကြည့်ရှုပြီးနောက် လက်ကမ်းစာစောင်(များ)ကို ပြန်လည်သုံးသပ်ပြီး နောက်ဆုံးတွင် မေးခွန်းများကို ဖြေဆိုပါ။ သင်ခန်းစာ ၁ ပြီးမြောက်ပါက သင်ခန်းစာ ၂ ကို ဆက်လက်လေ့လာနိုင်ပါသည်။ ထို့နောက် သင်ခန်းစာ ၃၊၄ စသည်ဖြင့် ဆက်လက်လေ့လာနိုင်ပါသည်။

နောက်ဆုံးသင်ခန်းစာလေ့လာပြီး နောက်သင်တန်းပြီးဆုံးချိန်တွင် ဖြေဆိုရန်ပေးထားသော မေးခွန်းအားလုံး၏ အဖြေများကို တွေ့ရှိနိုင်ပါသည်။

ဝဘ်ဆိုဒ်ရှိ အွန်လိုင်းသင်တန်းတက်ရောက်ရန် အကူအညီလိုအပ်ပါက သို့မဟုတ် တာဝန်ရှိသူနှင့် သတင်းအချက်အလက်များ ဖလှယ်လိုပါက **AJAR** ထံသို့ [burma@asia-ajar.org](mailto:burma@asia-ajar.org) မှတစ်ဆင့် ဆက်သွယ်ပါ။

**<u>တစ်ဆင့်ချင်းစီအတွက် လမ်းညွှန်ချက်များ</u>**

https://elearning.asia-ajar.org ကိုနှိပ်ခြင်းဖြင့် **AJAR** အွန်လိုင်းလေ့လာသင်ယူမည့် ဝဘ်ဆိုဒ်သို့ သွားပါ။ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံတကာ တရားမျှတမှုနှင့် တာဝန်ယူတာဝန်ခံမှုဆိုင်ရာ ယန္တရားများ အကြောင်း **(**အင်္ဂလိပ်) သို့မဟုတ် (မြန်မာ) ဟူသော သင်တန်းကို ရှာပြီး **"**စတင်ပါ**"** ကို နှိပ်ပါ။







သင်ခန်းစာ ၈ ခုလုံးကို တွေ့ရပါလိမ့်မည်။ ဤနေရာတွင် သင်လေ့လာလိုသည့် မည်သည့် မည်သည့်သင်ခန်းစာကိုမဆို ရွေးချယ်လေ့လာနိုင်သည်။ သင်ခန်းစာ ၁ မှ စတင်လေ့လာပြီး သင်ခန်းစာ ၁ မှ ၈ အထိ အစဉ်လိုက်လုပ်ရန် အကြံပြုပါသည်။

## Course Content

Expand All

- **အခန်း ၁ – မိတ်ဆက်**
  1 Topic | 1 Quiz — Expand
- **အခန်း ၂ – မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော နိုင်ငံတကာအချက်အလက်ရှာဖွေရေးမစ်ရှင် (FFM)**
  1 Topic | 1 Quiz — Expand
- **အခန်း ၃ – မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော နိုင်ငံတကာစုံစမ်းစစ်ဆေးရေး ယန္တရား (IIMM)**
  1 Topic | 1 Quiz — Expand
- **အခန်း ၄ – နိုင်ငံတကာ ရာဇဝတ်တရားရုံး (ICC) အပိုင်း (၁) တရားစီရင်ပိုင်ခွင့်အတွက် ရွေးချယ်စရာနည်းလမ်းများ**
  1 Topic | 1 Quiz — Expand

သင်လေ့လာလိုသော သင်ခန်းစာ ကိုနှိပ်ပါ။ ဥပမာ၊ "သင်ခန်းစာ ၁- မိတ်ဆက်"။
သင့်ဖုန်း (သို့) ကွန်ပျူတာ မျက်နှာပြင်ပေါ်တွင် သင်တန်းဆရာပါဝင်သော ဗီဒီယို တစ်ခု၏ ရုပ်ပုံတစ်ခုကို တွေ့ရလိမ့်မည်။ ပုံအောက်ရှိ "သင်ခန်းစာအကြောင်းအရာ" တွင် "သင်ခန်းစာ ၁ နှင့်ဆိုင်သော စာစောင်များ" နှင့် "သင်ခန်းစာ ၁ နှင့်ဆိုင်သော ဖြေဆိုရန်မေးခွန်းများ" ကိုတွေ့နိုင်ပါသည်။ ဗီဒီယိုကိုကြည့်ပြီးနောက် လက်ကမ်းစာစောင်နှင့် ဖြေဆိုရန်မေးခွန်းများ ကိုဆက်လက်လေ့လာပါ။



သင်ခန်းစာတစ်ခုစီအတွက် ဗီဒီယိုကိုစတင်ကြည့်ရှုရန် အကြံပြုအပ်ပါသည်။ ဗီဒီယိုကို စတင်ရန် မြှားခလုတ်ကို နှိပ်ပါ။

ဖုန်း (သို့မဟုတ်) ကွန်ပျူတာ မျက်နှာပြင်၏ ညာဘက်အောက်ခြေ ရှိ အကွက်ငယ်ကိုနှိပ်ခြင်းဖြင့် ဗီဒီယိုကို မြင်ကွင်းအပြည့် ချဲ့၍ ကြည့်ရှုနိုင်ပါသည်။




ဗီဒီယိုကိုကြည့်ရှုပြီးနောက် ဗီဒီယို၏ညာဘက်အောက်ခြေရှိ "မြင်ကွင်းအပြည့်မှထွက်ရန်" အကွက်ငယ်ကိုနှိပ်ပါ။

ဗီဒီယိုအောက်သို့ ဆက်ကြည့်ကာ “သင်ခန်းစာ ၁:  စာစောင်များ” ကို နှိပ်ပါ။



သင်ခန်းစာအကြောင်းပိုမိုလေ့လာနိုင်ရန် သင်အလိုရှိ သလိုအသုံးပြုနိုင်သည့် အချက်အလက် အားလုံးကို ဤနေရာတွင် တွေ့မြင်နိုင်ပါသည်။




"သင်ခန်းစာ ၁ စာစောင် (၁/၄)- လူ့အခွင့်အရေး နှင့် အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှု" ကို နှိပ်ပါ။ သင်ခန်းစာအချက်အလက်များသည် ဖုန်း (သို့မဟုတ်) ကွန်ပျူတာ မြင်ကွင်းအပြည့်ဖြင့်ပွင့်လာပါလိမ့်မည်။ ၎င်းကို အွန်လိုင်းတွင် ဖတ်နိုင်သည်။ သင့်ကွန်ပျူတာတွင် လည်းသိမ်းဆည်းထားနိုင်သလို ပုံနှိပ်ထုတ်ယူ (print)ထား နိုင်သည်။

*(ကွန်ပျူတာအတွင်းသိမ်းဆည်းထားမည် သို့မဟုတ် ပုံနှိပ်ထုတ်ယူ( print ) ထားမည်ဆိုပါက လုံခြုံရေးပြဿနာများကို သတိထားပါ။)*

ယင်းအချက်အလက်များကို ဖတ်ရှုပြီးပါက ယခင်စာမျက်နှာသို့ ပြန်သွားရန် မြှားကို နှိပ်ရပါမည်။ ဤသို့ပြုလုပ်ရာတွင် သင့်ကွန်ပျူတာနှင့် ဆော့ဖ်ဝဲလ်ပေါ်မူတည်၍ အနေအထားကွဲပြားနိုင်သည်။ မြှားသည် သင့်ကွန်ပျူတာ မျက်နှာပြင် (screen)၏ ညာဘက်အပေါ်ထောင့် သို့မဟုတ် ဘယ်ဘက်အပေါ်ထောင့်တွင် ဖြစ်နိုင်သည်။
(မတွေ့ပါက ဤနေရာကိုနှိပ်ခြင်းဖြင့် : [https://elearning.asia-ajar.org/courses/international-justice-and-accountability-mechanisms-for-myanmar-burmese/](https://elearning.asia-ajar.org/courses/international-justice-and-accountability-mechanisms-for-myanmar-burmese/) ပင်မသင်ခန်းစာသို့ ပြန်သွားနိုင်ပါသည်။ ပြီးလျှင် သင်ဆက်လက်လေ့လာလိုသော သင်ခန်းစာသို့ ပြန်သွားပါ။)

ယခုသင်သည် သင်ခန်းစာ ၁ ၏စာမျက်နှာသို့ပြန်ရောက်လာသည် နှင့် သင်ခန်းစာ ၁ ရှိ မေးခွန်းများကို ဖြေဆိုရန် နှိပ်၍ ရှာကြည့်ပါ။



ဖြေဆိုရန်မေးခွန်းများသည် ဤ သင်ခန်းစာတွင် သင်လေ့လာခဲ့သည့် သင်တန်း အကြောင်းအရာနှင့်ပတ်သက်သည့် မေးခွန်းများဖြစ်သည်။ မေးခွန်းတစ်ခုစီတိုင်းကို အမှန်ကန်ဆုံး ဖြေဆိုပေးရမည်။ သင်ဘယ်လောက်သင်ယူနိုင်ခဲ့သည်ကို စစ်ဆေးနိုင်ရန်ဖြစ်သည်။ နောက်ဆုံးသင်ခန်းစာအပြီးတွင် မေးခွန်းတစ်ခုစီ၏ အဖြေအားလုံးကို သင်တွေ့နိုင်မည် ဖြစ်သည်။

"Start Quiz" ကိုနှိပ်ပါ။




ပထမမေးခွန်းကိုတွေ့ရမည်။ မီးခိုးရောင်အကွက်တွင် စာရိုက်ခြင်းဖြင့် သင့်အဖြေကို ရေးပါ။ ပြီးပါက "Next" ကိုနှိပ်ပါ။




ယခု ဒုတိယမေးခွန်းကို တွေ့ရမည်။ သင့်အဖြေကို မီးခိုးရောင်အကွက်တွင်ရေးပြီး "Next" ကိုနှိပ်ပါ။ မေးခွန်းတစ်ခုစီအတွက် အထက်ပါလမ်းညွှန်ချက်အတိုင်း ဖြေဆိုပါ။ မေးခွန်းများဖြေဆိုပြီးသောအခါ မေးခွန်းများ၏ အဖြေများကို စစ်ဆေးနိုင်ရန် သင်ခန်းစာအဆုံးတွင်ဖော်ပြထားသည့်အဖြေများဖြင့် တိုက်ကြည့်နိုင်ပါသည်။




သင်ခန်းစာ ၁ ပြီးသောအခါ၊ သင်သည် သင်ခန်းစာ ၂ ကိုဆက်လက်လေ့လာနိုင်ပါ သည်။
ဥပမာ။ မိမိနှစ်သက်သောအချိန်တွင် သင်ခန်းစာ၂ကို ဆက်လက်လေ့လာနိုင်သည်။ သင်တန်းမှ သင်ခန်းစာများ လေ့လာသည့်အချိန်ကို မိမိအဆင်ပြေသလိုထိန်းညှိပြီး လေ့လာနိုင်ပါသည်။ သင်တန်းကို မည်သည့်အချိန်တွင်မဆို ဆက်လက် လေ့လာနိုင်သည်။

နောက်ထပ် သင်ခန်းစာကို လေ့လာရန်အတွက် ဖုန်း(သို့မဟုတ်) ကွန်ပျူတာမျက်နှာပြင် ဘယ်ဘက်ရှိ သင်ခန်းစာခေါင်းစဉ်ကို နှိပ်ပါ။
ဥပမာ။ "သင်ခန်းစာ ၂: မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော နိုင်ငံတကာ အချက်အလက်ရှာဖွေရေးမစ်ရှင် (FFM)" ကိုနှိပ်ပါ။



ဤနေရာကိုနှိပ်ခြင်းဖြင့် သင်တန်း၏အစမြင်ကွင်းသို့ ပြန်လည်ရောက်ရှိနိုင်ပါသည်။- https://elearning.asia-ajar.org/courses/international-justice-and-accountability-mechanisms-for-myanmar-burmese/

သင်တန်းတက်ရောက်ရာတွင် သင်ခန်းစာ ၁ မှ ၈ အထိ တစ်ဆင့်ချင်းစီ ပြုလုပ်ရန် အကြံပြုအပ်ပါသည်။ ဗီဒီယိုများကို ဒုတိယအကြိမ် ပြန်လည်ကြည့်ရှုလိုပါက သို့မဟုတ် လက်ကမ်းစာစောင်များကို ထပ်မံဖတ်ရှုလိုပါက ပြန်လည်ကြည့်ရှုနိုင်ပါသည်။

သင်တန်းတက်ရောက်ရန်အကူညီ လိုအပ်ပါက သို့မဟုတ် တာဝန်ရှိသူနှင့် သတင်းအချက်အလက်များဖလှယ်လိုပါက **AJAR** ထံသို့ **burma@asia-ajar.org** မှတစ်ဆင့် ဆက်သွယ်ပါ။

ကျေးဇူးတင်ရှိလျှက်။